**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**စိုက်ပျိုးရေးဦးစီးဌာန**

**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD - ၀၁ / ၂၀၂၂ ( ၂၇၃ )

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ( ၁ )ရက်

## ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်လျှောက်ထားသည့် ကုမ္ပဏီများ သိရှိလိုက်နာရန် ကြေငြာချက်

၁။ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်ပမှ ပြည်တွင်းသို့ ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိ ပစ္စည်းအား တင်သွင်းမှုလုပ်ငန်းအား လုပ်ကိုင်လိုသူသည် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေး ဓာတ်ခွဲခန်း တွင်လိုအပ်သော အထောက်အထား အချက်အလက်များကို ပြည့်စုံစွာဖြင့် လျှောက်ထားခြင်း ၊ မြန်မာ့စီးပွားရေးဘဏ်တွင် သတ်မှတ်ထားသော ပိုးသတ်ဆေးအရည်အသွေးဓာတ်ခွဲ စစ်ဆေးခ ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ပြီး အတွင်းရေးမှူး ၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ စီစစ်ခွင့်ပြုသော တင်သွင်းခွင့် ထောက်ခံချက်ရရှိပြီး မှသာ ပြည်တွင်းသို့ တင်သွင်းနိုင်မည် ဖြစ်ပါသည်။

၂။ ပိုးသတ်ဆေး တင်သွင်းခွင့်ထောက်ခံချက် မရရှိမီ တင်သွင်းခဲ့ခြင်းကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးနစ်နာမှု များသည် သီးနှံကာကွယ်ရေးဌာနခွဲနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။

1.4.2022

( ဇော်လင်း )

ညွှန်ကြားရေးမှူး

မိတ္တူ။ ကို=ရုံးလက်ခံ